# zvyloO'pm

၁ ဖိလိပ္ပိမြို့၌ရှိသော ခရစ်တော်ယေရှု၌ ဘုရားသ
ခင်၏ သန့်ရှင်းသူအားလုံးတို့အား ယေရှုခရစ်
တော်၏ အစေခံကျွန်များဖြစ်ကြသော ပေါလုနှင့်
တိမောသေတို့ထံမှ နှုတ်ဆက်ပါ၏။ သင်တို့၏
သင်းအုပ်များနှင့် သင်းထောက်များအားလုံးတို့ကို
လည်း နှုတ်ဆက်ပါ၏။ ၂ ငါတို့အဖခမည်းတော်ဘုရား
သခင်နှင့်ယေရှုခရစ်တော်ထံမှ ကျေးဇူးတော် *(ကြင်
နာခြင်း)* နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ ရှိပါစေ
သော။

**ပေါလု၏ဆုတောင်း**

၃ ငါသည် သင်တို့ကို အောက်မေ့သတိရသော
အချိန်တိုင်း၌ ဘုရားသခင်၏ ကျေးဇူးတော်ချီးမွမ်း
၏။ ၄ ငါသည် သင်တို့အားလုံးအတွက် ဝမ်းမြောက်
ခြင်းနှင့် အစဉ်မပြတ်ဆုတောင်းလျက်ရှိ၏။ ၅ ငါ
သည် လူတို့အား ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
ကို ဟောပြောခြင်း၌ သင်တို့သည် ငါ့ကိုကူညီကြ
သောကြောင့် ငါသည် ဘုရားသခင်၏ကျေးဇူးတော်
ကို ချီးမွမ်း၏။ သင်တို့ ယုံကြည်သောနေ့မှစ၍
ယခုတိုင်အောင် သင်တို့သည် ငါ့ကို ကူညီကြ၏။
၆ ဘုရားသခင်သည် ကောင်းသောအရာများကို သင်
တို့၌ အစပြုတော်မူ၏။ ဘုရားသခင်သည် ထိုအမှု
ကို သင်တို့၌ ဆက်၍ပြုတော်မူ၏။ ယေရှုခရစ်
တော် တစ်ဖန်ကြွလာတော်မူသောအခါ ဘုရားသခင်
သည် ထိုအမှုကို သင်တို့၌ ပြီးမြောက်စေတော်မူ
လိမ့်မည်။ ထိုသို့ပြုတော်မူမည်အကြောင်း ငါသည်
ယုံကြည်စိတ်ချ၏။

၇ ထိုအကြောင်းကြောင့် ငါသည် သင်တို့၏
အမှုအရာအလုံးစုံတို့ကို ဆင်ခြင်အောက်မေ့သင့်
ကြောင်း ငါအမှန်သိ၏။ အကြောင်းမူကား ငါ၏စိတ်
နှလုံး၌သင်တို့ ရှိနေခြင်းကြောင့် ဖြစ်၏။ ထို့ကြောင့်
ငါသည်သင်တို့နှင့် အလွန်နီးကပ်လျက်ရှိသကဲ့သို့
ခံစားရ၏။ သင်တို့အားလုံးသည် ဘုရားသခင်၏
ကျေးဇူးတော် *(ကြင်နာခြင်း)* ကို ငါနှင့်အတူ ဝေမျှ
ခံစားရကြသောကြောင့် ပင်ဖြစ်၏။ ငါသည် ထောင်
ကျနေစဉ်၌လည်းကောင်း၊ ငါသည် ဝမ်းမြောက်
ဖွယ်ရာသတင်းကောင်းကို ခုခံကာကွယ်နေစဉ်၌
လည်းကောင်း၊ ဝမ်းမြောက်စရာသတင်းကောင်း၏
သမ္မာတရားကို သက်သေခံနေစဉ်၌သော်လည်း
ကောင်း သင်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်
*(ကြင်နာခြင်း)* ကို ငါနှင့်အတူ ဝေမျှ ခံစားရကြ၏။
၈ ငါသည် သင်တို့နှင့် အလွန်တွေ့မြင်လိုသည်ကို
ဘုရားသခင်သိတော်မူ၏။ ငါသည် သင်တို့အားလုံး
ကို ခရစ်တော်ယေရှု၏ချစ် ခြင်းမေတ္တာဖြင့် ချစ်၏။

၉ သင်တို့သည် ချစ်ခြင်းမေတ္တာ၌ကြီးထွား၍
ဉာဏ်ပညာနှင့်ပြည့်စုံလျက်
၁၀ ကောင်းသောအရာနှင့်ဆိုးသောအရာတို့ကို
ပိုင်းခြားသိမြင်တတ်ကာ၊
ခရစ်တော်ကြွလာတော်မူသည့်တိုင်
ဖြူစင်၍ အမှားကင်းစင်လျက်ရှိနိုင်ရန်
၁၁ ခရစ်တော်အားဖြင့်
ဘုရားသခင်၏ ဘုန်းအသရေတော်
ထင်ရှားစေရန်နှင့် ချီးမွမ်းခြင်းရှိစေရန်
ကောင်းသောအမှုများကို
ပြုနိုင်ပါမည်အကြောင်း
သင်တို့ကို ငါဆုတောင်းပေး၏။

**ဒုက္ခခံရခြင်းသည် အမှုတော်အတွက်
အထောက်အကူဖြစ်ခြင်း**

၁၂ ညီအစ်ကိုမောင်နှမများတို့ ငါ၌ဖြစ်ပျက်ခဲ့
သည့် ဆိုးသောအရာများသည် ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းကို ပျံ့နှံ့စေရန် ကူညီပေး၏။ ၁၃ ငါ
သည် ထောင်ကျရသည့်အကြောင်းမှာ ထင်ရှား၏။
ငါသည် ခရစ်တော်၌ ယုံကြည်သူဖြစ်သောကြောင့်
ထောင်ချခြင်းကို ခံရ၏။ အစောင့်အကြပ် အားလုံး
တို့သည် ထိုအရာကို သိကြ၏။ အခြားသောသူ
အားလုံးတို့သည်လည်း သိကြ၏။ ၁၄ ငါသည် ထောင်
ထဲ၌ရှိနေသေး၏၊ သို့သော်လည်း ယခုတွင် ယုံကြည်
သူအများစုတို့သည် သာ၍ယုံကြည်ကြ၏။ ထို့ကြောင့်
သူတို့သည် လူတို့အား ခရစ်တော်အကြောင်းကို
သာ၍ ရဲရင့်စွာ ဟောပြောကြ၏။
၁၅ လအချို့တို့သည် ခရစ်တော်အကြောင်းကို
မနာလို ဝန်တိုစိတ်နှင့် ဟောပြောကြ၏။ အခြား

သောသူတို့သည် ခရစ်တော်အကြောင်းကို စေတ
နာစိတ်နှင့် ဟောပြောကြ၏။ ၁၆ ထိုသူတို့သည်မေတ္တာ
စိတ်ရှိသောကြောင့် ဟောပြောကြ၏။ ဘုရားသခင်
သည် ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို
ကာကွယ်ရန် ငါ့အား အခွင့်ပေးတော်မူသည်ကို
သူတို့သိကြ၏။ ၁၇ သို့သော်လည်း အခြားသောသူတို့
သည် အတ္တစိတ်ဖြင့် ခရစ်တော်အကြောင်းကိုဟော
ပြောကြ၏။ သူတို့ဟောပြောရခြင်းအကြောင်းရင်း
မှာ မှားယွင်းနေ၏။ သူတို့သည် ငါ့ထောင်ကျနေစဉ်
ဒုက္ခပေးလိုကြ၏။
၁၈ သူတို့သည် ငါ့ကို ဒုက္ခပေးကြသော်လည်း
ငါသည် အမှုမထား။ အရေးကြီးသောအရာမှာ ခရစ်
တော်အကြောင်းကို လူတို့အား ပြောဟောရန်ဖြစ်
သည်။ ထိုသူတို့သည် ခရစ်တော်အကြောင်းကို လူ
တို့အား ဟောပြောကြရန် ငါ အလိုရှိ၏။ သူတို့သည်
ထိုအမှုကို စေတနာစိတ်ဖြင့် ပြုရမည်။ သို့ရာတွင်
သူတို့သည် လွဲမှားသော ရည်ရွယ်ချက်ဖြင့် ထိုအမှု
ကိုပြုလျှင်လည်း ခရစ်တော်အကြောင်းကိုလူ တို့အား
ဟောပြောသောကြောင့် ငါသည် ဝမ်းမြောက်လျက်
ရှိ၏။ ၁၉ နောင်၌လည်း ငါသည် ဆက်၍ ဝမ်းမြောက်
နေမည်။ ယေရှုခရစ်တော်၏ဝိညာဉ်တော်သည် ငါ့
အား ကူညီမစနေ၏။ သင်တို့သည် ငါ့အတွက် ဆု
တောင်းပေးနေကြ၏။ ထို့ကြောင့် ဤဒုက္ခဆင်းရဲ
ခြင်းသည် ငါ၌လွတ်မြောက်ခြင်းကို ဖြစ်စေမည်ဟု
ငါသိ၏။ ၂၀ ငါအလိုရှိ၍ မျှော်လင့်သောအရာမှာ ငါ
သည် မည်သည့်အရာအတွက်မျှ ခရစ်တော်ကို ဆုံး
ရှုံးလိမ့်မည် မဟုတ်။ ငါသည် ယခုတွင် ရဲရင့်ခြင်း
ရှိ၍ ဤမြေပေါ်တွင် ငါ၏အသက်တာ၌ ခရစ်တော်
၏ကြီးမြတ်တော်မူခြင်းကို အစဉ်မပြတ် ထင်ရှား
စေမည်အကြောင်း ငါမျှော်လင့်၏။ ငါသည်သေသည်
ဖြစ်စေ၊ အသက်ရှင်သည်ဖြစ်စေ ထိုအမှုကိုပြုရန်
အလိုရှိ၏။ ၂၁ ငါ့ အသက်ရှင်ခြင်း၌ အရေးကြီးသော
အရာတစ်ခုမှာ ခရစ်တော်သာလျှင်ဖြစ်၏။ သေခြင်း
သည်ပင်လျှင် ငါ့အတွက် အကျိုးရှိလိမ့်မည်။ ၂၂ ငါ
သည် ကိုယ်ခန္ဓာ၌ ဆက်၍အသက်ရှင်နေလျှင်
သခင်ဘုရားအတွက် အမှုဆောင်နိုင်လိမ့်မည်။
သို့သော်လည်း အသက် ရှင်ခြင်း သို့မဟုတ် သေ
ခြင်းတို့တွင် အဘယ်အရာရွေးချယ်ရမည်ကို ငါ
မသိ။ ၂၃ အသက်ရှင်ခြင်းနှင့် သေခြင်းအကြားတွင်
ရွေးချယ်ရန် ခက်ခဲ၏။ ငါ သည် ယခုပင်အသက်
စွန့်၍ ခရစ်တော်နှင့်အတူနေရန် အလိုရှိ၏။ ၂၄ ထို
အရာသည် ပို၍ကောင်း၏။ သို့သော်လည်း ငါသည်
ကိုယ်ခန္ဓာ၌ရှိနေရန် သင်တို့သည် လိုအပ်လျက်ရှိ
၏။ ၂၅ သင်တို့သည် ငါ့ကို လိုအပ်ကြသည်ကို ငါသိ
၏။ ထို့ကြောင့် ငါသည် သင်တို့နှင့်အတူ နေရလိမ့်
မည်အကြောင်း ငါသိ၏။ သင်တို့သည် ကြီးထွား၍
ယုံကြည်ခြင်း၌ဝမ်းမြောက်ခြင်းရှိကြမည်အကြောင်း
ငါသည် သင်တို့အား ကူညီပါမည်။ ၂၆ သင်တို့ရှိရာ
သို့ ငါတစ်ဖန်ရောက်လာသောအခါ သင်တို့သည်
ခရစ်တော်ယေရှု၌ အလွန်ဝမ်းမြောက်ခြင်းရှိကြ
လိမ့်မည်။ ၂၇ သင်တို့သည် ခရစ်တော်၏ ဝမ်း
မြောက်စရာသတင်းကောင်းနှင့် ညီညွတ်မှုရှိသော
အသက်တာဖြင့် အသက်ရှင်ရန် သတိပြုကြပါ။ သို့
ပြုလျှင် ငါသည် သင်တို့ထံသို့ ရောက်လာသည်
ဖြစ်စေ၊ အဝေး၌နေသည်ဖြစ်စေ သင်တို့၏ကောင်း
သောသတင်းများကိုကြားရလိမ့်မည်။ သင်တို့သည်
ခွန်အားနှင့် ပြည့်စုံ၍ တူညီသောအကြံအစည်နှင့်
ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းမှလာသော ယုံ
ကြည်ခြင်း(*သမ္မာတရား*)အတွက် တစ်လုံးတစ်ဝ တည်း
လုပ်ဆောင်လျက်ရှိကြောင်းကို ငါကြားရလိမ့်မည်။
၂၈ သင်တို့အား ဆန့်ကျင်၍ ဆီးတား သောသူတို့ကို
သင်တို့သည် ကြောက်ရွံ့ကြလိမ့် မည်မဟုတ်။
ထိုသို့ဖြစ်ခြင်းက သင်တို့သည် ကယ်
တင်ခြင်းသို့ရောက်၍ သင်တို့၏ရန်သူတို့သည် ဆုံး
ရှုံးခြင်းသို့ ရောက်မည်အကြောင်းကို သက်သေထူ
၏။ ၂၉ ဘုရားသခင်သည် သင်တို့အား ခရစ်တော်၌
ယုံကြည်ခြင်းကို ချီးမြှင့်တော်မူ၏။ ထို့အပြင် ဘုရား
သခင်သည် ခရစ်တော်အတွက် ချီးမွမ်းဖွယ်သော
ဆင်းရဲဒုက္ခခံရခြင်းအခွင့်ကိုလည်း သင်တို့အား
ချီးမြှင့်တော်မူ၏။ ထိုအရာများသည် ခရစ်တော်၏
ဘုန်းအသရေတော်ကို ထင်ရှားစေ၏။ ၃၀ ငါသည်
သင်တို့နှင့်အတူ ရှိသောအခါ ဧဝံဂေလိတရားကို
ဆန့်ကျင်သောသူတို့ကြောင့် ဒုက္ခဆင်းရဲခြင်းကို
ခံခဲ့ရ၏။ ဧဝံဂေလိတရားကို ဆန့်ကျင်၍ ဆီးတား
သော သူအချို့ရှိ၏။ ယခုတွင် သင်တို့သည် ငါခံရ
သော ဒုက္ခဆင်းရဲကို ကြားရကြ၏။ သင်တို့သည်
လည်းထိုဒုက္ခဆင်းရဲခြင်းကို ကိုယ်တိုင်ခံရကြမည်။

## အချင်းချင်းညီညွတ်၍ ဂရုစိုက်ကြခြင်း

၂ ငါသည် သင်တို့ကို ခရစ်တော်၌ တောင်းပန်
စရာ အခွင့်အလမ်းရှိပါသလား။ သင်တို့သည်
ချစ်ခြင်းမေတ္တာဖြင့် ငါ့ကို နှစ်သိမ့်ရန် အလိုရှိပါသ
လား။ ငါတို့သည် ဝိညာဉ်တော်ကိုအတူ ဝေမျှကြပါ
သလား။ သင်တို့၌ ကရုဏာနှင့် ကြင်နာခြင်းရှိကြ

ပါသလား။ ၂ သင်တို့၌ ထိုအရာများရှိကြလျှင် ငါ့အ
တွက် တစ်စုံတစ်ရာကို ပြုရန် ငါတောင်းပန်လို၏။
ထိုအရာသည် ငါ့ကို အလွန် ဝမ်းမြောက်စေလိမ့်
မည်။ သင်တို့သည် တူညီသောရည်ရွယ်ချက်ရှိ၍
စိတ်နှလုံးတစ်လုံးတစ်ဝတည်းရှိလျက် အချင်းချင်း
ချစ်ခြင်းမေတ္တာထားရန်နှင့် တူညီသောပန်းတိုင်
ထားကာ အသက်ရှင်ကြရန် ငါ တောင်းပန်၏။
၃ အတ္တလွန်ကဲသောစိတ်၊ ဝါကြွားလိုသောစိတ်တို့ဖြင့်
မည်သည့်အရာမျှ မပြုကြနှင့်။ စိတ်နှလုံးနှိမ့်ချလျက်
မိမိထက် အခြားသောသူတို့အား ပို၍ကြည်
ညိုလေးစားခြင်း ရှိကြပါ။ ၄ မိမိတို့ အသက်တာ
တစ်ခုတည်း၌သာ စိတ်ဝင်စားခြင်း မရှိဘဲ အခြား
သောသူတို့၏ အသက်တာများကိုလည်း စိတ်ဝင်
စားခြင်းရှိကြပါ။

**အတ္တကင်းရန် ခရစ်တော်၌ နည်းခံခြင်း**

၅ သင်တို့၌ ခရစ်တော်ယေရှု၏ စိတ်သဘော
ထားရှိစေကြပါ။
၆ ခရစ်တော်သည် ခပ်သိမ်းသောအရာတို့၌
ဘုရားသခင်ကဲ့သို့ဖြစ်၏။ ခရစ်တော်သည် ဘုရား
သခင်နှင့် ညီတူညီမျှဖြစ်၏။ သို့သော်လည်း ခရစ်
တော်သည် ဘုရားသခင်နှင့် ညီတူညီမျှဖြစ်ခြင်း
ကို စောင့်ထိန်းရမည်ဟု မှတ်ယူခြင်းမရှိ။
၇ သူသည် ဘုရားသခင်နှင့်တန်းတူဖြစ်သော
နေရာကိုစွန့်၍ အစေခံအဖြစ် ခံယူတော်မူ၏။ သူ
သည် လူသားတစ်ယောက် အဖြစ် မွေးဖွားခြင်းကိုခံ
၍ အစေခံတစ်ယောက်ကဲ့သို့ဖြစ်၏။ ၈ သူသည် လူ
သားတစ်ယောက်ကဲ့သို့ အသက်ရှင်စဉ် ဘုရားသ
ခင်အား အပြည့်အဝနာခံလျက် မိမိကိုယ်ကို နှိမ့်ချ
ကာ လက်ဝါးကပ်တိုင် ပေါ်၌ အသေခံတော်မူ၏။
၉ ခရစ်တော်သည် ဘုရားသခင်အား နာခံသော
ကြောင့် ဘုရားသခင်သည် ခရစ်တော်ကို အမြင့်ဆုံး
သောနေရာသို့ ချီးမြှောက်တော်မူ၏။ ဘုရားသခင်
သည် ခရစ်တော်၏ နာမတော်ကို ခပ်သိမ်းသော
နာမတို့ထက် သာ၍ကြီးမြတ်စေတော်မူ၏။ ၁၀ ထိုသို့
ပြုတော်မူရခြင်းမှာ ခပ်သိမ်းသောသူတို့သည် ယေရှု
၏နာမတော်အား လေးမြတ်ခြင်းရှိကြရန် ဘုရားသ
ခင်အလိုတော်ရှိသောကြောင့် ဖြစ်၏။ ကောင်းကင်
ဘုံ၌ရှိသောသူ၊ မြေကြီးပေါ်၌ရှိသောသူနှင့် မြေကြီး
အောက်မှာရှိသော ခပ်သိမ်းသောသတ္တဝါအပေါင်း
တို့သည် ဒူးထောက်ရကြလိမ့်မည်။ ၁၁ ခပ်သိမ်း
သောသူတို့က ယေရှုခရစ်တော်သည် သခင် *(ဆရာ)*
ဖြစ်သည်ဟု ဝန်ခံ *(ပြောဆို)* ကြလိမ့်မည်။ ထိုသို့
ပြောဆိုကြသောအခါ အဖခမည်းတော်ဘုရားသခင်
၏ ဘုန်းထင်ရှားလိမ့်မည်။

**ဘုရားသခင်၏အလိုတော်နှင့်အညီ အသက်ရှင်ခြင်း**

၁၂ ငါချစ်သောမိတ်ဆွေတို့ သင်တို့သည် အစဉ်
မပြတ်နာခံခြင်းရှိကြ၏။ ငါသည် သင်တို့နှင့်ရှိနေစဉ်
သင်တို့သည် ဘုရားသခင်ကို နာခံကြ၏။ ငါသည်
သင်တို့နှင့်ဝေးကွာစဉ်တွင် သင်တို့နာခံခြင်းရှိရန်
ပို၍အရေးကြီးသည်။ သင်တို့သည် ကယ်တင်ခြင်း
ရကြောင်း အသက်တာ၌ ပြကြပါ။ ဘုရားသခင်ကို
ကြည်ညိုလေးမြတ်ခြင်းနှင့် ကြောက်ရွံ့ခြင်းဖြင့် ထို
သို့ပြုကြပါ။ ၁၃ ဟုတ်ပါ၏။ သင်တို့သည် ဘုရား
သခင် နှစ်သက်သောအရာကို ပြုလိုသောဆန္ဒရှိစေ
ရန် ဘုရားသခင် သည် သင်တို့အထဲ၌ အလုပ်လုပ်
တော်မူ၏။ ထိုအရာများကို ပြုနိုင်ရန် တန်ခိုးကို
လည်း သင်တို့အား ပေးတော်မူမည်။
၁၄ ခပ်သိမ်းသောအရာတို့၌ ညည်းညူခြင်း၊
ငြင်းခုံခြင်းမပြုကြနှင့်။ ၁၅ ထိုသို့ပြုလျှင် သင်တို့သည်
အမှားအယွင်းမရှိ၊ အပြစ်ကင်းလျက်ရှိကြလိမ့်မည်။
သင်တို့သည် အမှားအယွင်းကင်းသောဘုရားသခင်
၏ သားသမီးများဖြစ်ကြလိမ့်မည်။ သို့သော်လည်း
သင်တို့သည် အလွန်ဆိုးညစ်၍ မဖြောင့်မမှန်သော
လူတို့နှင့်အတူ အသက်ရှင်နေရ၏။ အလင်းသည်
မှောင်မိုက်၌ ထွန်းလင်းသကဲ့သို့ သင်တို့သည် ထို
သူတို့ထဲ၌ ထွန်းလင်းကြရမည်။ ၁၆ သင်တို့သည်
ထိုသူတို့အား အသက်ရှင်စေသော ဩဝါဒကို ပေး
ကြရမည်။ ထို့ကြောင့် ခရစ်တော်သည် တစ်ဖန်ကြွ
လာသောအခါ ငါ ဝမ်းမြောက်နိုင်ပါမည်။ ငါ၏
လုပ်ဆောင်ချက်တို့သည် အချည်းနှီးမဖြစ်သော
ကြောင့် ငါသည် ဝမ်းမြောက်နိုင်လိမ့်မည်။ ငါသည်
အပြေးပြိုင်ပွဲတွင် ပြေး၍ အောင်နိုင်ပါမည်။
၁၇ သင်တို့၏ယုံကြည်ခြင်းသည် ဘုရားသခင်၏
အမှုကိုဆောင်ရာတွင် သင်တို့၏အသက်တာများ
ကို ဆက်ကပ်ပူဇော်ခြင်းကဲ့သို့ ဖြစ်စေ၏။ ငါသည်
လည်း သင်တို့၏ ဆက်ကပ်ပူဇော်ခြင်းတွင် ငါ၏
အသွေး *(သွေးခြင်း)* ကို ပေးလှူပါမည်။ ထိုသို့ဖြစ်
မည်ဆိုလျှင် ငါသည် သင်တို့အားလုံးနှင့်အတူပျော်
ရွှင်လျက် ဝမ်းမြောက်ခြင်း အပြည့်ရှိလိမ့်မည်။ ၁၈
သင်တို့သည်လည်း ငါနှင့်အတူပျော်ရွှင်ဝမ်းမြောက်
ခြင်း အပြည့်ရှိကြလိမ့်မည်။

### တိမောသေနှင့်ဧပဖြောဒိတ်

၁၉ တိမောသေကို သင်တို့ဆီသို့ များမကြာမီ
စေလွှတ်မည်အကြောင်းသခင်ယေရှု၌ ငါမျှော်လင့်
လျက်ရှိ၏။ ငါသည် ဝမ်းမြောက်မည်အကြောင်း
သင်တို့အဘယ်သို့ရှိကြသည်ကို ငါသိလို၏။ ၂၀ တိ
မောသေကဲ့သို့သော အခြားမည်သူမျှ ငါ၌မရှိ။ သူ
သည်သင်တို့ကို အမှန်စင်စစ်ကြည့်ရှုစောင့်ရှောက်
လိမ့်မည်။ ၂၁ အခြားသောသူတို့မှာ သူတို့၏အသက်
တာအတွက်သာ စိတ်ဝင်စားကြ ၏။ သူတို့သည်
ခရစ်တော်ယေရှု၏အမှုတော်ထဲ၌ စိတ်ဝင်စားခြင်း
မရှိကြ။ ၂၂ တိမောသေသည်အဘယ်သို့သောသူဖြစ်
သည်ကိုသင်တို့သိကြ၏။ သားသည် သူ၏ဖခင်နှင့်
အတူဆောင်ရွက်သကဲ့သို့ သူသည် ငါနှင့်အတူ
ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို ဟောပြော
ခြင်း၌ လုပ်ဆောင်နေသည်ကို သင်တို့ သိကြ၏။
၂၃ သူ့ကိုသင်တို့ရှိရာသို့ အလျင်အမြန်စေလွှတ်မည်။
ငါ၌အဘယ်သို့ ဖြစ်မည်ကို ငါသိရသောအခါ သူ့ကို
ငါစေလွှတ်မည်။ ၂၄ ငါသည် သခင်ဘုရား၏ ကူညီ
မစခြင်းဖြင့် သင်တို့ရှိရာသို့ များမကြာမီ ရောက်
လာလိမ့်မည်။

၂၅ ဧပဖြောဒိတ်သည် ခရစ်တော်၌ ငါ၏ညီဖြစ်
၏။ သူသည် ငါနှင့်အတူ ခရစ်တော်၏စစ်သားအဖြစ်
အမှုကို ဆောင်ရွက်လျက်ရှိ၏။ ငါသည် အကူအညီ
လိုသောအခါ သင်တို့သည် သူ့ကို ငါ့ထံသို့ စေ
လွှတ်ကြပါ။ ယခုတွင် ငါ သည် သူ့ကို သင်တို့ရှိရာ
သို့ပြန်လည်စေလွှတ်ရမည်။ ၂၆ သူသည် သင်တို့
အားလုံးကို အလွန်တွေ့မြင်လိုသောကြောင့် သူ့ကို
ငါစေလွှတ်ရ၏။ သူသည် ဖျားနာလျက်ရှိသည်ဟု
သင်တို့ သိရသောကြောင့် သူသည် စိတ်ပူပန်လျက်
ရှိ၏။ ၂၇ သူသည် ဖျားနာလျက် သေလုနီးပါးဖြစ်၏။
သို့သော်လည်း ဘုရားသခင်သည် သူ့ကိုကူညီ၍
ငါ့ကိုလည်း မစတော်မူ၏။ ထို့ကြောင့် ငါသည်
များစွာသော ဝမ်းနည်းခြင်းကို မခံစားရ။ ၂၈ ထို့
ကြောင့် သင်တို့ရှိရာသို့ သူ့ကိုစေလွှတ်ရန် ငါအ
လွန် အလိုရှိ၏။ သင်တို့သည် သူ့ကိုတွေ့မြင်သော
အခါ အလွန်ဝမ်းမြောက်ကြလိမ့်မည်။ ငါသည်လည်း
သင်တို့အတွက် စိုးရိမ်ပူပန်ခြင်းအကြောင်းမှသက်
သာလိမ့်မည်။ ၂၉ သခင်ဘုရား၌ ဝမ်းမြောက်ခြင်း
များစွာဖြင့် သူ့ကို လက်ခံကြိုဆိုကြပါ။ ဧပဖြော
ဒိတ်ကဲ့သို့ သူ့ကို ရိုသေလေးစားကြပါ။ ၃၀ သူ သည်
ရိုသေလေးစားခြင်းကို ခံထိုက်၏။ အဘယ်ကြောင့်
ဆိုသော် သူသည် ခရစ်တော်၏ အမှုတော်လုပ်ငန်း
အတွက် အသက်သေလုနီးပါးဆောင်ရွက်လျက်ရှိ
၏။ သူသည် သူ၏အသက်ကို အန္တရာယ်ကြား၌ ထား
လေ၏။ ထို့ကြောင့် သူသည် ငါ့ကိုကူညီနိုင်ခြင်း
ဖြစ်သည်။ ဤကူညီခြင်းမျိုးကို သင်တို့သည် ငါ့
အား မပေးနိုင်။

### ခရစ်တော်သည် အရာအားလုံးထက် ပို၍အရေးကြီးခြင်း

၃ ညီအစ်ကိုမောင်နှမများတို့ ယခုတွင် သခင်
ဘုရား၌ဝမ်းမြောက်ခြင်းရှိကြပါ။ သင်တို့ထံသို့
တစ်ဖန် ဤအကြောင်းကို ရေးရခြင်းမှာ ငါ့အဖို့
ပင်ပန်းခြင်းအလျှင်းမရှိပါ။ ထိုအရာသည်သင်တို့အား
ပို၍အဆင်သင့်ဖြစ်စေရန် ကူညီပါလိမ့်မည်။ ၂ ဆိုး
ညစ်သောအကျင့်ကို ပြုသောသူတို့ကို သတိပြု၍
ရှောင်ကြပါ။ သူတို့သည် ခွေးများကဲ့သို့ဖြစ်ကြ၏။
သူတို့ သည် ကိုယ်အင်္ဂါကိုဖြတ်တောက်ရန် တောင်း
ဆိုကြ၏။ ၃ သို့သော်လည်း ငါတို့သည် အမှန်စင်စစ်
အရေဖျားလှီးခြင်းကို ခံသောသူများဖြစ်ကြ၏။ ငါတို့
သည် ဘုရားသခင်အား သူ၏ဝိညာဉ်တော်အားဖြင့်
ကိုးကွယ် *(အမှုဆောင်)*ကြ၏။ ငါတို့သည် ခရစ်တော်
၌သာ ဝါကြွားသောသူဖြစ်ကြ၏။ ငါတို့သည် ကိုယ်
ကိုယ်ကို၌လည်းကောင်း သို့မဟုတ် ငါတို့ပြုနိုင်
သော မည်သည့်အရာအပေါ်၌လည်းကောင်း ကိုး
စားခြင်းမပြုကြပါ။ ၄ အကယ်၍ ငါသည် ကိုယ်
ကိုယ်ကို ကိုးစားရန် တတ်နိုင်သော်လည်း ငါသည်
ကိုးစားခြင်းအလျှင်းမရှိ။ အခြားမည်သူမဆိုသူ့ကိုယ်
သူ ကိုးစားရန် အကြောင်းရှိသည်ဟု ထင်မှတ်လျှင်
ငါ၌ကိုယ်ကိုယ်ကို ကိုးစားရန်သာ၍ ကြီးမားသော
အကြောင်းရှိသည်ကို ထိုသူသည် သိသင့်ပါသည်။
၅ ငါမွေးပြီးရှစ်ရက်မြောက်သောနေ့၌ အရေဖျားလှီး
ခြင်းကို ခံသောသူဖြစ်၏။ ငါသည် ဣသရေလလူမျိုး
မှဖြစ်၍ ဗင်္ယာမိန်အနွယ်လည်းဖြစ်၏။ ငါသည်
ဟေဗြဲလူမျိုး *(ဂျူးလူမျိုး)*ဖြစ်၍ ငါ့မိဘနှစ်ပါးမှာ
ဟေဗြဲလူများဖြစ်ကြ၏။ မောရှေ၏ ပညတ်တရား
သည် ငါ့အတွက် အလွန်အရေးကြီးပါ၏။ ထို
အကြောင်းကြောင့် ငါသည် ဖာရိရှဲတစ်ယောက်
ဖြစ်လာခဲ့ရ၏။ ၆ ဂျူးလူမျိုးတို့၏ဘာသာရေး၌
စိတ်ထက်သန်၍ အသင်းတော် *(ယုံကြည်သူ များ)*
ကို ညှဉ်းပန်းနှိပ်စက်ရာ၌ အလွန်အားကြီးခဲ့၏။ ငါ
သည် မောရှေ၏ပညတ်တရားကို လိုက်လျှောက်
ခြင်းတွင် ငါ၌ အမှားအယွင်းကို မည်သူမျှ ရှာမ
တွေ့။ ၇ တစ်ချိန်က ဤအရာအားလုံးတို့သည် ငါ့

အတွက် အရေးကြီးခဲ့၏။ သို့သော်လည်း ခရစ်တော်
အားဖြင့် ထိုအရာတို့သည် ဘာမျှအကျိုးမရှိ။ အ
ချည်းနှီးသာဖြစ်ကြောင်း ငါဆုံးဖြတ်ခဲ့၏။ ၈ ထိုအရာ
များသာမကပါ၊ ယခု ငါထင်မှတ်သော ထိုအရာ
အားလုံးတို့သည်လည်း ငါ၏သခင်ခရစ်တော်ယေရှု
၏ ကြီးမြတ်တော်မူခြင်းကို သိကျွမ်းခြင်းနှင့် နှိုင်း
ယှဉ်လျှင် အဘယ်သို့မျှ အကျိုးမရှိ။ အချည်းနှီး
သာဖြစ်ကြ၏။ ခရစ်တော်အားဖြင့် အရေးကြီးသည်
ဟု ငါထင်မှတ်ခဲ့သောအရာအားလုံးတို့ကို ငါအရှုံး
ခံခဲ့၏။ ထိုအရာအားလုံးတို့သည် မည်သို့မျှအကျိုး
မရှိသော အမှိုက်သရိုက်မျှ သာဖြစ်ကြသည်ကို ယခု
တွင် ငါသိ၏။ ဤအရာသည် ငါ့အားခရစ်တော်ကို
ပိုင်ဆိုင်ရန် အခွင့်ပေး၏။ ၉ ထိုအရာသည် ငါ့အား
ခရစ်တော်ထဲ၌ရှိရန် အခွင့်ပေး၏။ ခရစ်တော်အား
ဖြင့် ငါသည် ဘုရားသခင်ရှေ့၌ ဖြောင့်မတ်ခြင်း
အခွင့်ကို ရ၏။ ထိုသို့ ဖြောင့်မတ်စေသောအခွင့်
သည် ပညတ်တရားကို ငါလိုက်လျှောက်ခြင်းအား
ဖြင့် မဟုတ်။ ထိုသို့ဖြောင့်မတ်စေခြင်းသည် ဘုရား
သခင်ထံတော်မှ ယုံကြည်ခြင်းအားဖြင့်ဖြစ်လာ၏။
ဘုရားသခင်သည် ခရစ်တော်၌ ငါ၏ ယုံကြည်ခြင်း
ကို အသုံးပြု၍ မိမိ၏ရှေ့၌ ဖြောင့်မတ်ခြင်းအခွင့်
ကို ပေးတော်မူ၏။ ၁၀ ငါသိရန် အလိုရှိသမျှသော
အရာအားလုံးတို့မှာ ခရစ်တော်ကိုသိကျွမ်းခြင်းနှင့်
သူ၏သေခြင်းမှ ထမြောက်တော်မူသော တန်ခိုးသာ
ဖြစ်၏။ ငါသည် ခရစ်တော်၏ဒုက္ခဆင်းရဲခြင်းကို
ဝေမျှခံစားကာ သူ၏အသေခံတော်မူခြင်း၌ သူကဲ့
သို့ဖြစ်လာရန် ငါအလိုရှိ၏။ ၁၁ အကယ်၍ ငါ၌ ထို
အရာများရှိပါက ငါသည်လည်းသေခြင်းမှထမြောက်
မည်ဖြစ်ကြောင်း ငါ၌ မျှော်လင့်ခြင်းရှိ၏။

**ပန်းတိုင်ကို ရောက်ရန် ကြိုးစားခြင်း**

၁၂ ထိုသို့ဆိုသော် ငါသည် ဘုရားသခင်ဖြစ်စေ
လိုသည့်အတိုင်း အတိအကျဖြစ်သည်ဟူ၍ မဆို
လို။ ထိုပန်းတိုင်သို့ ငါမမီသေး။ သို့သော်လည်း
ငါသည် ထိုပန်းတိုင်ကို မီအောင် ဆက်လက်ကြိုး
စားလျက် ထိုအရာကို ငါ့အဖို့ ဖြစ်စေရန် ကြိုးစား၏။
ခရစ်တော်သည် ငါ့ကို ထိုသို့ဖြစ်ရန် အလိုရှိ၏။ ထို
အကြောင်းကြောင့် ခရစ်တော်သည် ငါ့ကို သူ့အဖို့
ပြုပြင်တော်မူ၏။ ၁၃ ညီအစ်ကိုမောင်နှမများတို့ ငါ
သည် ထိုပန်းတိုင်ကို မမီသေးကြောင်း သိ၏။ သို့
သော်လည်း ငါ၌ အစဉ်မပြတ်ပြုသောအရာတစ်ခု
ရှိ၏။ ကုန်လွန်ခဲ့ပြီးသောအရာများတို့ကို ငါမေ့
ပျောက်၏။ ငါ့ရှေ့၌ရှိသောပန်းတိုင်ကိုမီရန် ငါသည်
အစွမ်းကုန်ကြိုးစားအားထုတ်၏။ ၁၄ ငါသည် ပန်း
တိုင်သို့ရောက်၍ ဆုလာဘ်ကိုရယူရန် ကြိုးစားအား
ထုတ်လျက်ရှိ၏။ ထိုဆုလာဘ်သည် ငါ့အဖို့ဖြစ်၏။
အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အထက်
အရပ်မှ ငါ့ကို ခရစ်တော်အားဖြင့် ခေါ်တော်မူ၏။

၁၅ ငါတို့တွင် ဝိညာဉ်ပိုင်းဆိုင်ရာ၌ ကြီးထွားပြီး
ရင့်ကျက်သော *(စုံလင်သော)*သူ အားလုံးတို့သည်
ထိုနည်းကို စွဲလန်းထင်မှတ်ကြ၏။ ဤအရာများထဲ
တွင် သင်သဘောမတူနိုင်သောအရာရှိလျှင် ဘုရား
သခင်သည် သင့်အား ထိုအရာကို ထင်ရှားစေလိမ့်
မည်။ ၁၆ သို့သော်လည်း ငါတို့၌ရှိနှင့်ပြီးဖြစ်သော
သမ္မာတရားကို ငါတို့သည် ဆက်လက်၍ လိုက်
လျှောက်ရပါမည်။

၁၇ ညီအစ်ကိုမောင်နှမများတို့ သင်တို့သည် ငါ
ကဲ့သို့ အသက်ရှင်ရန် ကြိုးစားကြပါ။ ငါတို့သည်
သင်တို့အား ဖော်ပြထင်ရှားစေသော နည်းလမ်းအ
တိုင်း အသက်ရှင်သော ထိုသူတို့ကို ရှုမှတ်၍ ပုံ
သက်သေယူကြပါ။ ၁၈ များစွာသောသူတို့သည် ခရစ်
တော်လက်ဝါးကပ်တိုင်၏ရန်သူများကဲ့သို့ အသက်
ရှင်ကြ၏။ ဤလူတို့အကြောင်းကို ငါသည် သင်တို့
အား မကြာခဏပြောပြပြီးဖြစ်၏။ ထိုသူတို့အကြောင်း
ကို ယခုပင်မျက်ရည်ကျလျက် သင်တို့အား ငါ
ပြောပြ၏။ ၁၉ ဤသူတို့ အသက်ရှင်သောလမ်းသည်
သူတို့အား ပျက်စီးခြင်းသို့ ပို့ဆောင်လျက်ရှိ၏။ သူတို့
သည် ဘုရားသခင်၏ အစေကို မခံကြ။ ထိုသူတို့
သည် သူတို့ကိုယ်သူတို့ ကျေနပ်စေရန်အတွက်
သာ အသက်ရှင်ကြ၏။ သူတို့သည် ရှက်ဖွယ်သော
အရာများကို ပြုကြ၏။ သူတို့သည် ထိုအရာများအား
ဖြင့်ဝါကြွားလျက်ရှိကြ၏။ သူတို့သည် မြေကြီးအရာ
ကိုသာ စိတ်စွဲလန်းတတ်ကြ၏။ ၂၀ သို့သော်လည်း
ငါတို့၏အိမ်သည် ကောင်းကင်ဘုံ၌ရှိ၏။ ငါတို့၏
ကယ်တင်ရှင်သည် ကောင်းကင်ဘုံမှတစ်ဖန်ကြွ
လာမည့်အချိန်ကို ငါတို့သည် စောင့်မျှော်လျက်
နေကြ၏။ ငါတို့၏ ကယ်တင်ရှင်မှာ သခင်ယေရှု
ခရစ်တော်ပင်ဖြစ်၏။ ၂၁ သူသည် ငါတို့၏ယုတ်ညံ့
သောကိုယ်ခန္ဓာကို ပြောင်းလဲစေ၍ ဘုန်းအသရေ
နှင့် ပြည့်စုံသော သူ၏ကိုယ်ခန္ဓာကဲ့သို့ ပြုပြင်တော်
မူလိမ့်မည်။ ခရစ်တော်သည်ထိုအရာကိုသူ၏တန်ခိုး
အားဖြင့် ပြုပြင်နိုင်တော်မူ၏။ ခရစ်တော်သည် ထို
တန်ခိုးအားဖြင့် ခပ်သိမ်းသောအရာအားလုံးကို အုပ်
စိုးရန် တတ်နိုင်တော်မူ၏။

## လုပ်ဆောင်စရာအချို့

၄ ငါချစ်သော ညီအစ်ကိုမောင်နှမများတို့ ငါ
သည်သင်တို့ကို ချစ်၍သင်တို့ကိုတွေ့မြင်လို
၏။ သင်တို့သည် ငါ၌ ဝမ်းမြောက်ခြင်းအကြောင်း
ကိုဖြစ်စေ၍ သင်တို့အားဖြင့် ငါဝါကြွားခြင်းကိုဖြစ်
စေကြ၏။ သင်တို့အား ငါပြောခဲ့ပြီးသည်အတိုင်း
ဆက်လက်၍ သခင်ဘုရားနောက်သို့ လိုက်ကြပါ။
၂ ငါသည် ဧဝေါဒိနှင့် သုန္တုတ်တို့အား သခင်
ဘုရား၌ သဘောတညီတညွတ်တည်း ဖြစ်ကြရန်
ငါတောင်းပန်၏။ အဘယ်ကြောင့်ဆိုသော် သင်တို့
သည် သစ္စာရှိစွာ ငါနှင့်အမှုတော်ဆောင်ရွက်ကြ
၏။ ငါ့မိတ်ဆွေ ဤမိန်းမတို့၌ ဤအရာကိုပြု၍ကူညီ
ကြရန် သင်တို့အား ငါတောင်းပန်၏။ ဤမိန်းမတို့
သည် လူတို့အား ဝမ်းမြောက်စရာသတင်းကောင်း
ကို ဟောပြောရာတွင် ငါနှင့်လုပ်ဆောင်ကြ၏။ သူ
တို့သည် ကလေမင်နှင့်အတူ လုပ်ဆောင်ကြ၏။
ငါနှင့်အတူ အမှုကို ဆောင်ရွက်သည့် အခြားသော
သူတို့နှင့်လည်း အတူလုပ်ဆောင်ကြ၏။ သူတို့၏
နာမည်များသည် အသက်စာရင်းစာအုပ်၌ ရေးထား
လျက်ရှိ၏။
၃ သခင်ဘုရား၌ အစဉ်မပြတ် ဝမ်းမြောက်ခြင်း
အပြည့်ရှိကြပါ။ ငါတစ်ဖန်ပြောသည်မှာ ဝမ်းမြောက်
ခြင်းအပြည့်ရှိကြပါ။
၄ သင်တို့သည် နူးညံ့သိမ်မွေ့၍ ကြင်နာခြင်းရှိ
သည်ကို လူအားလုံးတို့အား မြင်စေကြပါ။ ၅ သခင်
ဘုရားသည် မကြာမီ ကြွလာမည်။ မည်သည့်
အကြောင်းအရာ၌မျှ စိုးရိမ်ပူပန်ခြင်း မရှိကြနှင့်။
သို့သော်လည်း သင်တို့ လိုအပ်သမျှသောအရာခပ်
သိမ်းတို့အတွက် ဘုရားသခင်ကိုတောင်းလျှောက်
ကြပါ။ သင်တို့သည် ဆုတောင်းသောအခါ အစဉ်
မပြတ် ကျေးဇူးတော်ကို ချီးမွမ်းကြပါ။ ၇ ဘုရား
သခင်၏ ငြိမ်သက်ခြင်းသည် ခရစ်တော်ယေရှုအား
ဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မတော်မူလိမ့်
မည်။ ဘုရားသခင်ပေးတော်မူသော ထိုငြိမ်သက်
ခြင်းသည် အလွန်ကြီးမားသည်ဖြစ်၍ ငါတို့သည်
ထိုအရာကို နားမလည်နိုင်ကြ။ ၈ ညီအစ်ကိုမောင်
နှမများတို့ ကောင်းသောအရာများတို့နှင့် ချီးမွမ်း
ထိုက်သောအရာများတို့အကြောင်းကို အဆက်
မပြတ်ဆင်ခြင် အောက်မေ့ကြပါ။ သမ္မာတရားနှင့်
ဆိုင်သောအမှု၊ ကြည်ညိုလေးစားထိုက်သောအမှု၊
ဖြောင့်မတ်သောအမှု၊ စင်ကြယ်သောအမှု၊ လှပ၍
ချီးမွမ်းဖွယ်သောအမှုစသည့်အကြောင်းတို့ကို နှလုံး
သွင်း၍ ဆင်ခြင်ကြပါ။ ၉ သင်တို့သည် ငါ့ထံမှာ
နည်းခံ၍ လက်ခံရရှိသောအရာများတို့ကို ပြုကြပါ။
ငါသည် သင်တို့အား ဟောပြောသောအရာများနှင့်
သင်တို့မြင်သည့် ငါပြုသောအရာများတို့ကိုလည်း
ပြုကြပါ။ ငြိမ်သက်ခြင်းကို ပေးတော်မူသော ဘုရား
သခင်သည် သင်တို့နှင့်အတူ ရှိတော်မူလိမ့်မည်။

## ပေါလုသည် ဖိလိပ္ပိမြို့၌ရှိသော ခရစ်ယာန်တို့အားကျေးဇူးတင်ခြင်း

၁၀ သင်တို့သည် ငါ့ကို တစ်ဖန် ကြည့်ရှုပြုစုချင်
သော စေတနာစိတ်ကို ထင်ရှားစေကြသည်ဖြစ်၍
သခင်ဘုရား၌ ငါသည် အလွန်ဝမ်းမြောက်လျက်
ရှိ၏။ သင်တို့သည် ငါ့ကို ဆက်လက်ကြည့်ရှုပြုစု
ကြ၏။ သို့သော်လည်း သင်တို့တွင် ထိုအရာကို
ထင်ရှားစေရန် အခွင့်မရှိပြီ။ ၁၁ ငါသည် သင်တို့
အား ထိုအရာများကို ပြောဆို၏။ သို့သော်လည်း ငါ
သည် တစ်စုံတစ်ခုကိုအလိုရှိသောကြောင့် မဟုတ်။
ငါသည် ငါ၌ရှိသောအရာများနှင့်ဖြစ်ပျက်သမျှ တို့၌
ကျေနပ်ရန်နည်းခံရ၏။ ၁၂ ငါသည်ဆင်းရဲခံရသောအခါ
အဘယ်သို့ အသက်ရှင်ရမည်ကို လည်း သိ၏။
ငါသည် ကြွယ်ဝချမ်းသာသောအခါ အဘယ်သို့
အသက်ရှင်ရမည်ကိုလည်း သိ၏။ ငါ သည်
ဖြစ်ပျက်သမျှသောအရာခပ်သိမ်းတို့၌ မည်
သည့်အချိန်အခါ၌မဆို ဝမ်းမြောက်စွာအသက်ရှင်
နေနိုင်သော လျှို့ဝှက်နက်နဲသောအရာကို နည်းခံ
လျက် သင်ယူနေ၏။ ငါသည် စားစရာအလုံအ
လောက်ရှိနေသောအချိန်၌လည်းကောင်း၊ စားစရာ
အလုံအလောက်မရှိသောအချိန်၌လည်းကောင်း
ဝမ်းမြောက်စွာ အသက်ရှင်နိုင်ရန် နည်းခံလျက်
သင်ယူနေ၏။ ငါသည် ငါ၌လိုအပ်သမျှသောအရာ
များ အားလုံးရှိသောအခါနှင့် ငါလိုအပ်သောအရာ
များ မရှိသောအခါ၌ ဝမ်းမြောက်စွာနေရန် ငါသည်
နည်းခံလျက် သင်ယူနေ၏။ ၁၃ ငါသည် ခရစ်တော်
အားဖြင့် ခပ်သိမ်းသောအရာအားလုံးကို ပြုနိုင်၏။
အဘယ်ကြောင့်ဆိုသော် သူသည် ငါ့ကို ခွန်အား
နှင့်ပြည့်စုံစေတော်မူ၏။ ၁၄ သို့သော် လည်း ငါသည်
အကူအညီလိုအပ်သောအခါ သင်တို့သည် ငါ့ကို
ကူညီခြင်းအရာမှာ ကောင်းပါ၏။ ၁၅ ဖိလိပ္ပိမြို့၌ ရှိ
သောသူတို့၊ ငါသည် ပထမတွင် ဟောပြောခဲ့သော
ဝမ်းမြောက်စရာသတင်းကောင်းကို သင်တို့သည်
အောက်မေ့ကြ၏။ ငါသည် မာကေဒေါနိပြည်သို့
ထွက်သွားသောအခါ သင်တို့သည် ငါ့ကို ကူညီ
သော တစ်ပါးတည်းသောအသင်းတော်ဖြစ်၏။ ၁၆ ငါ

သည် သက်သာလောနိတ်မြို့၌ ရှိနေစဉ်ပင် သင်တို့
သည် ငါလိုအပ်သောအရာများကို အကြိမ်ကြိမ်
ပို့ပေးခဲ့ကြ၏။ ၁၇ အမှန်စင်စစ် ငါသည် သင်တို့ထံ
မှ လက်ဆောင်ပစ္စည်းများကို အလိုရှိခြင်းကြောင့်
မဟုတ်။ သို့သော်လည်း သင်တို့သည် ထိုသို့ပေး
ကမ်းစွန့်ကြဲကြသောအားဖြင့် ကောင်းသောအကျိုး
ကို ရရှိကြစေရန် ငါအလိုရှိ၏။ ၁၈ ငါလိုအပ်သမျှ
သောအရာအားလုံး ငါ၌ရှိ၏။ ငါလိုအပ်သည် ထက်
ပိုလျှံလျက်ပင် ငါ၌ရှိ၏။ ငါလိုအပ်သမျှသောအရာ
တို့သည် ငါ၌ရှိ၏။ အဘယ်ကြောင့်ဆိုသော် ဧပ
ဖြောဒိတ်သည် ငါ့အတွက် သင်တို့ပေးလိုက်သော
လက်ဆောင်များကို ယူလာခဲ့၏။ သင်တို့၏ လက်
ဆောင်ပစ္စည်းများတို့သည် ဘုရားသခင်အား ပူ
ဇော်သောမွှေးကြိုင်သည့်အနံ့နှင့်ပြည့်စုံသောပူဇော်
သက္ကာကဲ့သို့ဖြစ်၏။ ဘုရားသခင်သည် ထိုယဇ်ပူ
ဇော်ခြင်းကို လက်ခံတော်မူ၏။ ၁၉ ထိုအရာသည်
သူ့ကို နှစ်သက်စေတော်မူ၏။ ငါ၏ ဘုရားသခင်
သည် ခရစ်တော်ယေရှု၏ ဘုန်းအသရေတော်၌
အလွန်ကြွယ်ဝချမ်းသာလျက်ရှိ၏။ ဘုရားသခင်သည်
ခရစ်တော်ယေရှု၌ မိမိ၏ကြွယ်ဝချမ်းသာတော်မူခြင်းကို
အသုံးပြု၍ သင်တို့လိုအပ်သမျှသော အရာ ခပ်သိမ်းကို
ပေးတော်မူလိမ့်မည်။ ၂၀ ငါတို့၏ ဘုရား
သခင်ဖြစ်တော်မူသော အဖခမည်းတော်သည်
ထာဝရဘုန်းကြီးပါစေသော။ အာမင်

၂၁ ခရစ်တော်၌ရှိသော ဘုရားသခင်၏ လူတစ်
ယောက်စီတိုင်းတို့ကို နှုတ်ဆက်ကြပါ။ ငါနှင့်အတူ
ရှိသော ဘုရားသခင်၏ လူတို့သည်လည်း သင်တို့
ကို နှုတ်ဆက်ကြ၏။ ကဲသာဘုရင်၏ နန်းတော်၌
နေသော ယုံကြည်သူများကလည်း သင်တို့ကို နှုတ်
ဆက်ကြ၏။ သခင်ယေရှုခရစ်တော်၏ကျေးဇူးတော်
*(ကြင်နာခြင်း)*သည် သင်တို့အားလုံးအပေါ်၌ ရှိပါ
စေသော။ အာမင်

ဖိလိပ္ပိြသဝါဒစာပြီး၏